


# မင်းမြတ်သူရ

ကုမ္ဘဏ်တစ်ထောင်

## နိဒါန်း

တစ်နေ့သ၌ မြန်မာပြည်မြေလတ်ပိုင်းမြို့ကလေးတစ်မြို့၏ အရိပ်ကောင်းစွာရရှိသော ခြံဝင်းအတွင်းရှိ စဥ့်အိုးတစ်လုံးအနီးတွင် ကလေးငယ်တစ်စုသည် ဆူညံစွာအော်ဟစ်၍ ရေချိုးနေ ကြသည်။

ထိုအခိုက်မှာပင် ဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦးသည် ရေပုံးနှစ်ပုံးကို မနိုင့်တနိုင် ဆွဲ၍ လျှောက်လာပြီး စဥ့်အိုးထဲသို့ ရေများကို လောင်းထည့်ပေးလိုက်၏ ။

ထိုအခါ ကလေးများသည် ရေချိုးရပ်၍ နေရာမှာ

"ရေတွေလာပြီ၊ ချိုးကြ၊ ချိုးကြ"

ဟုအော်ဟစ်ကာ စဥ့်အိုးထဲမှရေများကို ခပ်ချိုးကြပြန်၏ ။

လူငယ်သည် ကလေးများကို မကျေမနပ်ကြည့်၍

"ဟေ့ကောင်လေးတွေ၊ မင်းတို့ရေချိုးတာ ဘယ်လောက်ကြာနေပြီလဲ၊ တစ်ကိုယ်လုံးလဲ ပြာနှမ်းနေပြီ၊ မင်းတို့ ဒီလိုချိုးနေရင် ငါက ရေခပ်လို့ ဘယ်ပြီးတော့မှာလဲ"

ဟု ကြိမ်းမောင်းလိုက်လေ၏ ။ ထိုအခါ ကလေးများထဲမှ အသက်အရွယ်ကြီးသော ကလေး တစ်ယောက်က

"ချိုးမှာပေါ့ဗျာ၊ ကျုပ်တို့ချိုးချင်သလောက် ချိုးမယ်၊ လာပြီးဆရာမလုပ်နဲ့"

ဟု မခန့်လေးစား ပြန်လည်ပြောဆိုလေရာ လူငယ်သည်

ဒေါသထောင်းခနဲဖြစ်သွားပြီး

“ဟိုကောင်လေးတွေ မိုက်ရိုင်းလှချည်လား၊ ငါလုပ်လိုက်ရရင် နာတော့မှာပဲ”

ဟု ကြုံးဝါးလိုက်လေ၏။ ထိုအခါ ကလေးများက အိမ်ရှိရာသို့လှည့်၍

“အမေရေ အမေ၊ ဟောဒီမှာ မိုးကောင်း ကျုပ်တို့ကို အနိုင်ကျင့်နေတယ်”

ဟု အော်ဟစ်လိုက်လေရာ အိမ်ထဲမှ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ် ထည်တောင့်တောင့် မိန်းမတစ်ဦးထွက်လာပြီးလျှင် လူငယ်ကို မကျေမနပ်ကြည့်၍

“ဟဲ့အကောင် ဘာပြဿနာရှာပြန်ပြီလဲ”

ဟု မေးလိုက်လေ၏။

မိုးကောင်းဆိုသောလူငယ်က ကလေးများကို မကျေမနပ်ကြည့်၍

“အစ်မသားတွေရေချိုးတာ မပြီးနိုင်တော့ဘူး၊ ဒီပုံအတိုင်းဆိုရင် ကျုပ်ရေခပ်တာ ဘယ်လို လုပ်ပြီးတော့မှာလဲ၊ ထမင်းဆာလှပြီဗျ”

ထိုအခါ အရပ်ထောင်ထောင်မောင်းမောင်းမိန်းမက

“အမယ်၊ တစ်နေကုန်အလေလိုက် လျှောက်သွားနေပြီး ကလေးတွေချိုးဖို့ရေကိုတောင် ခပ် မပေးချင်ဘူး၊ အစားကျတော့ မျိုချင်ဆို့ချင်တယ်၊ နင် နေနှင့်ဦး၊ နင့်အဖေလာမှ တိုင်ပြောမယ်”

ဟုပြောလိုက်ရာ မိုးကောင်းဆိုသောလူငယ်က မကျေမနပ်ဖြင့် ရေပုံးကို ဆောင့်ချလိုက်ပြီး

“တိုင်ဗျာ၊ တိုင် တိုင်၊ တိုင်ချင်တဲ့နေရာမှာ သွားတိုင်၊ ကျုပ် ဂရုမစိုက်ဘူး”

ဟုအော်ဟစ်ကာ အိမ်ထဲမှ ဒေါသတကြီး ထွက်ခဲ့လေတော့၏။

မိုးကောင်းသည် ဗိုက်ထဲတွင် ဆာလောင်နေသဖြင့် လူပျိုကြီး၏ ဘိလိယက်ရုံသို့ ဝင်ခဲ့လေ ၏။

ဘိလိယက်ရုံတွင် လူရှင်းနေ၏။ ဘိလိယက်ခုံပိုင်ရှင် လူပျိုကြီးက မိုးကောင်း၏ မျက်နှာကို ကြည့်၍

"ဟဲ့...ဟဲ.မင်းမျက်နှာကြည့်ရတာ သုန်မှုန်နေပါလား၊ ငါ့အထင်တော့ မင်းမိထွေး ခင်ခင်လှနဲ့ ရန်ဖြစ်လာခဲ့ပြီထင်တယ်၊ ဘယ်လိုဖြစ်တာလဲ"

ဟု မေးမြန်းလေ၏။

မိုးကောင်းက မျက်နှာကိုရှုံ့မဲ့၍

"ဖြစ်ပုံကိုတော့ မပြောချင်တော့ပါဘူးကွာ၊ ဟိုကောင်လေးတွေကြောင့်ပဲပေါ့၊ လောလော ဆယ် ကျုပ်အခုထိ နေ့လယ်စာမစားရသေးဘူး၊ ခင်ဗျားဆိုင်မှာ အလုပ်တစ်ခုခု မရှိဘူးလား"

ဟု မေးမြန်းလေ၏။ မိုးကောင်း၏ စကားကြောင့် ဘိလိယက်ခုံပိုင်ရှင် လူပျိုကြီးသည် မျက် မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး လက်ဖျစ်တီးကာ

"ဟုတ်ပြီ၊ မင်းအတွက် အလုပ်ရှိတယ်ကွ"

ဟု ပြောလေရာ မိုးကောင်းက

"ဘာအလုပ်လဲ"

ဟု မေးမြန်းလေ၏။ လူပျိုကြီးက လက်ကာပြ၍

"ဘာအလုပ်လဲဆိုတော့ နောက်မှ မေးပါကွာ၊ လောလောဆယ် မင်းရဲ့ဆာလောင်နေတဲ့ ဝမ်းဗိုက်ကို ဖြည့်လိုက်ပါဦး၊ ဝက်သားကို မှျစ်ချဉ်နဲ့ချက်ထားတယ်ကွ၊ သရက်သီးနဲ့ ငါးပိရည်တို့စရာ ရှိတယ်"

ဟုပြောလေရာ ဝက်သားကြိုက်သော မိုးကောင်းသည် ဗိုက်ထဲတွင်

ပိုမိုဆာလောင်လာပြီး ဘိလိယက်ခုံအနောက်တွင်ရှိသော လူပျိုကြီး၏ အခန်းသို့ဝင်ကာ ထမင်းများကို ပလုတ်ပလောင်း စားလေ၏ ။

သူသည် ထမင်းစားရင်း သူ့ဘဝအကြောင်းကို ပြန်လည်စဉ်းစားနေလေ၏ ။ သူ၏ အဖေ သည် အဝေးပြေးကားဒရိုင်ဘာတစ်ဦးဖြစ်ပြီး အမေမဆုံးမီက သူတို့မိသားစုကို ရိုးသားစွာ လုပ်ကိုင် ကျွေးမွေးခဲ့သူဖြစ်၏ ။

တစ်နေ့သ၌ အမေသည် ကံကောင်းထောက်မစွာဖြင့် လယ်ဧကများစွာကို အမွေရလိုက်၏ ။ အမေသည် လယ်ပိုင်ရှင်သမီးဖြစ်ပြီး အဖေနှင့် သဘောမတူသောကြောင့် ဆင်းရဲကြပ်တည်းစွာ နေ ထိုင်ရခြင်းဖြစ်၏ ။ မိဘများသေဆုံးပြီးနောက် အမေ့အတွက် အမွေများစွာကို ရရှိလိုက်လေ၏ ။ အမေသည် သူမ၏ အမွေအနှစ်များ၏ အချို့တစ်ဝက်ကို လှူဒါန်း၍ ထိုကျန်ငွေများကို အဖေ့အ တွက် ကားပိုင်တစ်စီးဖြစ်အောင် စီစဉ်ပေးနိုင်၏ ။

အမေသည် အမွေရပြီး များမကြာမီ သေဆုံးခဲ့ရ၏ ။

အမေဆုံးပြီးနောက် အဖေသည် အေးပြေးကားကို ကိုယ်တိုင်မောင်း၍ စီးပွားရှာခဲ့၏ ။ မိုး ကောင်းသည် ထိုအချိန်က လေးတန်းကျောင်းသားအရွယ်သာ ရှိခဲ့၏ ။ အဖေသည် မိုးကောင်း ငါးတန်းကျောင်းသားအရွယ်ထိ ကောင်းမွန်စွာ နေထိုင်ခဲ့၏ ။

သို့သော် မိုးကောင်း ငါးတန်းအောင်၍ ခြောက်တန်းတက်ရမည့်နှစ်တွင် အိမ်သို့ ကိုယ်လုံး တောင့်တောင့် မိန်းမတစ်ယောက်ကို ခေါ်လာ၍

"အဖေ မိန်းမယူတော့မယ်ကွ၊ သူ့နာမည် ခင်ခင်လှလို့ခေါ်တယ်၊ နောက် မင်းအမေဖြစ်မယ့် လူပေါ့ကွာ"

ဟု မိတ်ဆက်ပေးလေရာ ထိုမိန်းမသည် မိုးကောင်းကိုကြည့်၍ မရယ်ချင်ရယ်ချင်ဖြင့် ရယ် မောပြလေ၏ ။

မိုးကောင်းသည် ခင်ခင်လှဆိုသော မိန်းမကြီးကို မြင်မြင်ချင်း သဘောမကျသဖြင့် နောက် တစ်နေ့တွင် သူ၏ အဖေကိုခေါ်၍

"အဖေ အဖေယူမယ့်မိန်းမကြီးက ကောင်းမဲ့ပုံမပေါ်ဘူး၊ သေသေချာချာစဉ်းစားပါဦး အဖေ"

ဟု တောင်းပန်လိုက်လေ၏ ။ မိုးကောင်း၏ စကားကြောင့်သူ၏ အဖေသည် မျက်နှာရှုံ့မဲ့သွား ပြီး

"ကောင်းတယ်၊ မကောင်းဘူးဆိုတာ အဖေဆုံးဖြတ်ရမယ့် ကိစ္စပါကွာ၊ မင်းနဲ့မဆိုင်ပါဘူး၊ နောက်ပြီး အဖေ ခင်ခင်လှကို မယူလို့မဖြစ်တော့ဘူး၊ အားလုံးလွန်ကုန်ပြီကွ၊ နောက်လကစပြီး ခင် ခင်လှ ဒီအိမ်မှာလိုက်နေတော့မယ်"

ဟုပြောလေရာ မိုးကောင်းသည် လွန်စွာစိတ်ညစ်သွားလေ၏ ။

ခင်ခင်လှဆိုသော မိန်းမကြီးသည် မိုးကောင်းမျှော်လင့်ထားသည့်အတိုင်းပင် လွန်စွာဆိုး သွမ်း၏ ။ အိမ်အလုပ်အားလုံးကို မိုးကောင်းကိုသာလုပ်ခိုင်းပြီး သူမကမူ ကိုယ်လုံးပေါ်မှန်ကြီးရှေ့ တွင် တစ်နေကုန် အလှပြင်နေတတ်၏ ။

မိုးကောင်းသည် ဖခင်ပြန်လာသည့်အခါမှပင် နားနားနေနေ နေထိုင်ရလေ၏ ။ ထိုအချိန်မျိုး တွင် ခင်ခင်လှသည် အိမ်အလုပ်ဟူသမျှကို မရပ်မနား ကုန်းရုန်းလုပ်၍

"အိမ်အလုပ်တွေနဲ့ တစ်နေကုန်နားရတယ် မရှိပါဘူး ကိုကိုရယ်၊ ကိုကို့သားကတော့ ဘာမှ ကူဖော်လောင်ဘက် မရပါဘူး၊ ခင်တစ်ယောက်တည်း သိပ်ပင်ပန်းတာပဲ"

ဟု ချောက်တွန်းလေ၏ ။ ထိုအခါ မိုးကောင်း၏ ဖခင်က မျက်ထောင့်နီကြီးဖြင့်ကြည့်၍

“မိုးကောင်း၊ မင်းဟာ အတော်အလိုက်ကန်းဆိုးမသိတဲ့ကောင်ပဲ၊ ခင်ခင်တစ်ယောက်တည်း ပင်ပန်းနေတာ မင်းမို့ ကြည့်နေရက်တယ်ကွာ”

ဟု ပြောလေ၏။ ခင်ခင်လှဆိုသော မိန်းမကြီးသည် ကလေး ၃ ယောက်ရှိသော မုဆိုးမဖြစ် ပြီး သူ၏ ယောကျ်ားသေဆုံးပြီး တစ်နှစ်မပြည့်မီ မိုးကောင်း၏ ဖခင်နှင့် လက်ထပ်ယူလိုက်ခြင်းဖြစ်၏။

ဖခင်နှင့်လက်ထပ်ပြီး သုံးလအကြာတွင် သူမ၏ ကလေး (၃) ယောက်ကို အိမ်ပေါ်သို့ ခေါ် တင်လာ၏။ ထိုအခါ မိုးကောင်း၏ ဘဝသည် ငရဲကျသည့်နှယ် ပူလောင်ခဲ့ရ၏။

ခင်ခင်လှနှင့် သူ၏ သားသမီးများ၏ နိုင့်ထက်စီးနင်းပြုကျင့်မှုများကို ခံခဲ့ရ၏။ ဖခင်ဖြစ်သူမှာ ခင်ခင်လှ၏ စကားကိုသာ ဘုရားဟောသည့်နှယ် မှတ်ယူသူဖြစ်သဖြင့် မိုးကောင်းကိုသာ အပြစ်တင် တော့လေ၏။

တစ်ညသ၌ ခင်ခင်လှက ခုတင်ပေါ်တွင် အိပ်နေရာမှ ဖခင်ဘက်သို့လှည့်ကာ

“ကိုကို့သားကြည့်ရတာ ကျောင်းဆက်ထားရင်လဲ ဖြစ်ထွန်းမှာမဟုတ်ပါဘူး၊ ဒါကြောင့် လောလောဆယ် ခင့်အိမ်အလုပ်တွေ ကူလုပ်ခိုင်းပြီး အသက်လေးနည်းနည်းရလာရင် အလုပ်လေး ဘာလေး သွင်းပေးလိုက်ပေ့ါ”

ဟု ပြောလိုက်ရာ ဖခင်သည် နှစ်ကြိမ်မတိုက်တွန်းရဘဲ ခင်ခင်လှ၏ သေးသွယ်သောခါးကို ဖက်၍

“ခင့်သဘော၊ ခင့်သဘော၊ ဒီအိမ်မှာ ဘာလုပ်လုပ် ခင့်သဘော၊ ခင့်အလိုကျ ဖြစ်စေရမယ်”

ဟု ပြောလိုက်လေ၏။

မိုးကောင်းသည် ထိုအချိန်မှစ၍ ကျောင်းထွက်လိုက်ရပြီး ခင်ခင်လှ၏ ခိုင်းဖတ် ဖြစ်ခဲ့ရလေ ၏။ သူသည် ဖခင်၏ အသိဉာဏ်နုံချာမှုကို နာကြည်းစိတ်ဖြစ်မိသော်လည်း တတ်နိုင်သမျှ သည်းခံ ၍ ခင်ခင်လှအလိုကျ လုပ်ကိုင်ပေးရ၏။

ယနေ့တော့ ခင်ခင်လှ၏ သား(၃) ယောက်မှာ သူ့ကို စော်ကားလွန်းသည်ထင်၍ ဒေါသ တကြီး ထွက်လာခဲ့ခြင်းဖြစ်၏။

ထိုအခိုက်မှာပင် အတွေးလွန်နေသော မိုးကောင်း၏ အနီးသို့ လူပျိုကြီးရောက်လာပြီး

"ဒီလိုကွ၊ ဒီနေ့နေ့လယ် မစိန်မြနဲ့ငါ သူတို့အိမ်နောက်ဖေးမှာ ချိန်းတွေ့ဖို့ စီစဉ်ထားတယ်"

ဟုပြောလေ၏ မစိန်မြဆိုသည်မှာ လုံးကြီးပေါက်လှ အပျိုကြီးတစ်ဦးဖြစ်ပြီး လူပျိုကြီးနှင့် မေတ္တာမျှနေသူ ဖြစ်၏။

သို့သော် မစိန်မြမှာ ဖခင်ကြီးဦးပေါစံမှာ လွန်စွာဇိဇာကြောင်၍ သမက်ရွေး ချေးထူသူဖြစ်သ ဖြင့် လူပျိုကြီးကို အလိုလိုနေရင်း ကြည့်မရဖြစ်နေ၏။

လူပျိုကြီးကို ကြည့်မရခြင်း၏ အဓိကအကြောင်းတစ်ရပ်မှာ ရပ်ကွက်ဓမ္မာရုံ၏ ပစ္စည်းထိန်း အလုပ်နှင့် ပတ်သက်၏။

တစ်ရပ်ကွက်လုံး အလှူအတန်းလုပ်လိုလျှင် လိုအပ်သော ပစ္စည်းများကို ဓမ္မာရုံမှ ငှားရမ်းရ သည်ဖြစ်၍ ဓမ္မာရုံ၏ ပစ္စည်းထိန်းအလုပ်သည် အလွန်ပါဝါရှိသည်ဟု ဦးပေါစံ မြင်၏။

သို့သော် သူအလွန်လုပ်ချင်သော ပစ္စည်းထိန်းအလုပ်ကို လူပျိုကြီးက လုယက်ယူငင်သွား သောအခါ မခံချိမခံသာဖြစ်ပြီး

"ဒီနေ့ကစပြီး ဓမ္မာရုံကို ကျုပ်မလာတော့ဘူး၊ ကျုပ်သေရင်

ဓမ္မာရုံကလူတွေ ဘယ်သူမှ မလာကြနဲ့”

ဟု အားလုံးက စစ်ကြေညာကာ ဓမ္မရုံကို ခြေဦးမလှည့်ဘဲ နေလေတော့၏။

ဦးပေါစံသည် လူပျိုကြီးနှင့် သူ့သမီးကိစ္စကို ရိပ်ဖမ်းသံဖမ်း ကြားသိသောအခါ အပျိုကြီးကို ဓားကြိမ်းကြိမ်း၍

“ဒီမှာ သမီး၊ ဒီကောင်ကလွဲရင် ကမ္ဘာပေါ်မှာ ဘယ်သူ့ကိုယူယူ အဖေကျေနပ်တယ်၊ ဒီ ကောင်နဲ့တော့ လုံးဝသဘောမတူဘူး”

ဟု ဒေါသတကြီး ကြိမ်းမောင်းခဲ့ဖူး၏။ မိုးကောင်းသည် အပျိုကြီးနှင့် လူပျိုကြီး၏ အကြောင်း ကို တွေးတောနေစဉ်

“ဟေ့ကောင် ဘာငိုင်နေတာလဲ၊ ငါပြောတာ နားထောင်စမ်းပါ”

ဟု ပြောလေ၏။

မိုးကောင်းက ခေါင်းညိတ်၍

“နားထောင်နေပါတယ်ဗျ၊ ပြောမှာသာပြောစမ်းပါ”

ဟု ပြောလိုက်လေ၏။ လူပျိုကြီးက ဆေးပြင်းလိပ်ကို မီးခိုးတထောင်းထောင်းထအောင်ဖွာ ၍

အရင်တုန်းကဆိုရင် အဘိုးကြီးက ဈေးမှာသွားလေကန်နေလေ့ရှိတယ်ကွ၊ အခုတော့ ဈေး ကို သိပ်မသွားတော့ဘူး၊ အဘိုးကြီးက တစ်ယူသန် တစ်ဇွတ်ထိုးကြီးကွ၊ ဘယ်သူနဲ့မှ ကြာကြာ ပေါင်းလို့မရဘူး၊ ငါ့အထင် ဈေးထိပ်က ကူညီတွေနဲ့ မတည့်တော့ဘူးထင်တယ်၊ အဘိုးကြီးအိမ်မှာရှိ နေရင် ငါတို့နှစ်ယောက် လွတ်လွတ်လပ်လပ် ချိန်းတွေ့လို့ရမှာမဟုတ်ဘူး”

ဟု ပြောလေရာ မိုးကောင်းက

"ဒါဆိုရင် ကျုပ်က အဘိုးကြီးကို အိမ်ပြင်ခေါ်ထုတ်သွားရမှာလား"

ဟု မေးမြန်းလေ၏။ လူပျိုကြီးက ခေါင်းခါ၍

"မင်းခေါ်လို့ကတော့ ဘယ်လိုက်မလဲကွာ၊ ငါ့မှာ အကြံရှိပြီးသားပါကွ၊ မင်း သူ့ဆီမှာ ဗေဒင် သွားမေးကွ၊ ဒီအဘိုးကြီးအကြောင်း မင်းလဲသိသားနဲ့၊ ဗေဒင်ဆရာရူးရူးပြီး ရပ်ကွက်ထဲမှာ တွေ့တဲ့ လူကို လက်ဆွဲပြီးဗေဒင်ဟောနေတာ၊ ဒါပေမယ့် သူဟောတာ အမြဲတမ်းလွဲလို့ လူတွေက သူ့ဗေဒင် ကို ဘယ်သူမှ မယုံကြဘူး၊ သူ့ကို ဆရာလို့ တရိုတသေခေါ်ရင် သိပ်ကြိုက်တာကွ၊ ဒီတော့ မင်းသူ့ ဆီမှာ ဗေဒင်သွားမေးပြီး သူဟောသမျှ မှန်တယ်လို့သာ ခေါင်းညိတ်ကွာ၊ မင်းကို ဗေဒင်ဟောနေ တုန်း မစိန်မြနဲ့ငါ အိမ်နောက်မှာ ချိန်းတွေ့ကြမယ်ကွ"

ဟုပြောကာ မိုးကောင်းကို ဦးပေါစံ၏ အိမ်သို့ လွှတ်လိုက်လေ၏။

မိုးကောင်းသည် လူပျိုကြီးကျွေးသော ထမင်းကိုစားခဲ့ရသဖြင့် ၎င်းအား ပြန်လည်ကူညီပေး ရန်အလို့ငှာ ဗေဒင်ဆရာရူး ရူးနေသော ဦးပေါစံအိမ်သို့ ထွက်ခဲ့လေ၏။

ဦးပေါစံကို အိမ်ပေါက်ဝတွင် အဆင်သင့်တွေ့ရလေ၏။ မိုးကောင်းက

"ဆရာကြီးရယ်၊ ကျွန်တော့်ကို တစ်ခုလောက် ကူညီပေးပါ"

ဟုပြောလိုက်ရာ ဦးပေါစံက မျက်မှောက်ကြုတ်၍

"ဘာကူညီရမှာလဲကွ၊ ပိုက်ဆံတော့ မချေးနဲ့နော်၊ ငါ့မှာမရှိဘူး"

ဟု ပြောလေ၏။ မိုးကောင်းက ခေါင်းခါ၍

"ပိုက်ဆံမချေးပါဘူး ဆရာကြီးရယ်၊ ဆရာကြီးဆီမှာ ဗေဒင်မေးချင်လို့ပါ၊ အခုတလော ရပ်ကွက်ထဲမှာ လူတွေက ဆရာကြီးဗေဒင် သိပ်မှန်တယ်လို့ ဝိုင်းချီးကျူးနေကြတယ်"

ဟုပြောလေရာ ဗေဒင်ဆရာရူးကြီး ဦးပေါစံသည်

မျက်နှာဝင်းလက်သွားပြီး

“ဟိုက် ဟုတ်ရဲ့လားကွ၊ ဘယ်သူတွေ ချီးကျူးနေကြတာလဲ”

ဟု ကမန်းကတန်း မေးမြန်းလေ၏။ မိုးကောင်းက ခေါင်းကုတ်၍

“တစ်ရပ်ကွက်လုံးလိုလိုပါပဲ ဆရာကြီးရယ်၊ ဆရာကြီးဟောလိုက်ရင် ဒက်ထိမှန်တာပဲတဲ့၊ ပေးလိုက်တဲ့ ယတြာတွေကလည်း သိပ်ကောင်းတယ်ဆိုပဲ၊ ယတြာတစ်ခုလုပ်ရင် သိသိသာသာကြီး အခက်အခဲတွေ ပြေပျောက်သွားတယ်တဲ့၊ ပစ္စည်းပျောက်ဟောတာတွေလဲ သိပ်မှန်တာပဲတဲ့”

ဟု လုပ်ကြံ၍ ပြောဆိုလိုက်ရာ ဦးပေါစံသည် အလွန်သဘောကျသွားပြီး ခေါင်းကို လက်ဖြင့် ပုတ်၍

“မှန်ရမယ်လေ၊ ဒီလိုဆရာတစ်ဆူဖြစ်အောင် အနှစ်နှစ်အလလ လေ့လာထားရတဲ့ ဗေဒင် ကျမ်းတွေက နည်းမှမနည်းတာ၊ အမှန်အတိုင်းပြောရရင် ဒီနယ်တကြောမှာ ငါ့လောက်တော်တဲ့ ဗေဒင်ဆရာ တစ်ယောက်မှမရှိဘူး”

ဟု ကြွားဝါးလိုက်၏။ အမှန်စင်စစ် ဦးပေါစံသည် မနှစ်တစ်နှစ်ကမှ ဗေဒင်စာအုပ်တစ်အုပ်ကို ကောက်ရ၍ ပျင်းပျင်းရှိသည်နှင့် လှန်လှောဖတ်ရှုပြီး ဗေဒင်ပိုးဝင်ခဲ့ခြင်းဖြစ်၏။ ဦးပေါစံသည် ဗေဒင် ဟောရန် လွန်စွာစိတ်အားတက်ကြွနေပြီဖြစ်သဖြင့် မိုးကောင်းကို အိမ်ထဲသို့ဖိတ်ခေါ်၍ ကျောက် သင်ပုန်းနှင့် ကျောက်တံကို ကောက်ကိုင်လိုက်၏။

ပြီးနောက် ကျောက်တံကို တဒေါက်ဒေါက်ခေါက်၍

“မွေးသက္ကရာဇ်ကို ပြောဟေ့”

ဟု ပြောလေ၏။ မိုးကောင်းက မွေးသက္ကရာဇ်ကို ပြောလိုက်ရာ ကျောက်သင်ပုန်းတွင် အတန်ကြာအောင် တွက်ချက်၍

“ဟိုက် မင်းက နှယ်နှယ်ရရကောင်မှ မဟုတ်တာ၊ ရာဇဖွားပဲကွ”

ဟုပြောလေရာ မိုးကောင်းက မျက်မှောင်ကြုတ်၍

"ရာဇဖွားဆိုတာ ဘာဖြစ်မှာလဲ ဆရာကြီး"

ဟု မေးမြန်းလေ၏။ ဦးပေါစံက

"ဟ ရာဇဖွားဆိုတာ နှယ်နှယ်ရရ မမှတ်နဲ့ကွ၊ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံမဲ့ကောင်ကွ၊ လာဘ် လာဘတွေရမယ်၊ ဝင်ငွေကောင်းပြီး ဘာလုပ်လုပ် အဆင်ပြေမယ့်ဇာတာကွ၊ အရောင်းအဝယ်လုပ် တဲ့အခါတိုင်း အောင်မြင်ပြီး ငွေကြေးဥစ္စာအတွက် မပူပင်၊ မဆင်းရဲဘူး၊ မင်းဟာ သူဌေးဖြစ်မယ့် ကောင်ကွ"

ဟုပြောလေရာ မိုးကောင်းသည် ဦးပေါစံ၏ စကားကို နားထောင်၍ ဘဝင်မြင့်ရမလိုဖြစ်သွား လေ၏။

ဦးပေါစံဟောချက်များသည် သူ၏ လက်ရှိဘဝနှင့် များစွာကွာခြားလွန်းလှ၏။ ဆက်လက်၍ ဦးပေါစံသည် မိုးကောင်း၏ ဘဝအကြောင်းကို ရွှန်းရွှန်းဝေအောင် အာပေါင်အာရင်းသန်သန်ဖြင့် ဟောပြောသွားလေ၏။

ဦးပေါစံဟောသမျှ တစ်လုံးမှ မမှန်ကန်သဖြင့် မိုးကောင်းည် အတော်ပင် အောင့်အီးသည်းခံ ၍ နားထောင်နေရ၏။

သို့သော် သူ၏ နှုတ်ဖျားကမူ

"မှန်လိုက်တာ ဆရာကြီးရယ်၊ ဒက်ထိပါပဲ၊ တစ်လုံးမှ မလွဲဘူး၊ နတ်သိကြားတွေများ ဆင်း ဟောသလား ထင်မှတ်ရတယ်"

ဟု စသည်ဖြင့် ချီးမွမ်းခန်းဖွင့်နေလေရာ ဦးပေါစံသည် မိုးကောင်းကို လွန်စွာသဘောကျ သွားပြီး သူ၏ ပေါက်ကရဟောချက်များကို မမောမပန်း ပြောဆိုနေလေတော့၏။

ထိုအချိန်တွင် လူပျိုကြီးသည် အိမ်နောက်ဖေးတွင် မမြစိန်နှင့်

ချိန်းတွေ့နေလေ၏။

မိုးကောင်းသည် ဦးပေါစံ၏ ပေါက်ကရဟောချက်များကို အတန်ကြာအောင် အောင့်အီး သည်းခံ၍ နားထောင်နေပြီးနောက်

"အားလုံးမှန်တယ် ဆရာကြီးရယ်၊ တစ်လုံးမှမလွဲဘူး၊ ဒါပေမယ့် လောလောဆယ် ကျွန် တော်က အရမ်းဆင်းရဲနေတယ်ဆိုတော့ ထီပေါက်ကိန်းလေး ရှိမရှိ တွက်ပေးပါဦး"

ဟု တောင်းပန်လိုက်လေ၏။ ထိုအခါ ဦးပေါစံက ကျောက်သင်ပုန်းကို တဒေါက်ဒေါက် ခေါက်၍

"မင်းမှာ ထီပေါက်ကိန်း ရှိတာပေါ့ကွာ၊ ရာဇ ကြာသပတေးဆိုတော့ အိမ်ရာသစ်တွေ ရရှိနိုင် တယ်၊ မင်းအစိုးရရဲ့ ကူညီမစမှုကို ခံရနိုင်တယ်ကွ၊ ထီပေါက်ပြီး အစုလိုက်အပြုံလိုက် ငွေဝင်တတ် တယ်ကွ၊ ဒါကြောင့် မင်း ထီပေါက်ကိုပေါက်ရမယ်ကွာ"

ဟု ပြောလေရာ မိုးကောင်းသည် ဦးပေါစံ၏ ရှေးကဟောချက်များကို မကြိုက်သော်လည်း ထီပေါက်ကိန်းရှိသည်ဆိုသဖြင့် စိတ်ဝင်စားသွား၏။ ထီပေါက်လျှင် ပိုက်ဆံမက်သော သူ၏ မိထွေး ကို ငွေထုပ်ကြီးဖြင့်ပေါက်၍ အိမ်ပေါ်မှ မောင်းချမည်ဟု ဆုံးဖြတ်ထား၏။

ထို့ကြောင့် စိတ်အားတက်ကြွစွာဖြင့်

"ထီပေါက်အောင် ဘယ်လိုနံပါတ်မျိုး ရွေးထိုးရမှာလဲ"

ဟု မေးမြန်းလေ၏။ ဦးပေါစံက ကျောက်သင်ပုန်းကို တဒေါက်ဒေါက်ခေါက်၍ တွက်ပြန်ပြီး

"တ်နလာနေ့မှာ ထီမထိုးနဲ့၊ တ်နလာနံနဲ့စတဲ့ ထီဆိုင်တွေကိုရှောင်ပါ၊ တ်နလာနံနဲ့စတဲ့ ထီ လက်မှတ်တွေကိုလဲ ရှောင်ရမယ်၊ တ်နလာသားကိုလည်း

ထီမထိုးခိုင်းရဘူး၊ ထီထိုးရမယ့်နေ့နဲ့ ဂဏန်းတွေကိုတော့ ငါရွေးပေးမယ်၊ မင်းစာရွက်တစ်ရွက်နဲ့ လိုက်မှတ်ပေတော့”

ဟုပြောကာ ထီထိုးရန် ထီနံပါတ်ဆယ်မျိုးခန့်ကို ရွေးချယ်ပေးလေ၏။ မိုးကောင်းသည် ဦးပေါစံ၏ ထီနံပါတ်များကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် လိုက်လံမှတ်သားလေ၏။

ဦးပေါစံသည် ထီနံပါတ်များကို ရွေးချယ်ပေးပြီးနောက်

“ဟော့ကောင် ထီထိုးလို့ပေါက်ရင် ငါ့ကျေးဇူးကို မမေ့နဲ့နော်”

ဟုပြောလေ၏။ မိုးကောင်းက ခေါင်းညိတ်၍

“မမေ့ပါဘူး ဆရာကြီးရယ် ထီပေါက်တဲ့ပိုက်ဆံထဲကနေ ဆရာကြီးကို သက်သက်ကန် တော့ပါမယ်”

ဟုပြောလေရာ ဦးပေါစံက လက်ကာပြ၍

“ဟိုး…ဟိုး…ပိုက်ဆံကို ငါမလိုချင်ဘူးကွ၊ ငါ နံပါတ်ရွေးပေးလို့ မင်းထီပေါက်တယ်ဆိုတာ တစ်မြို့လုံးလှည့်ပြီး တွေ့တဲ့လူတိုင်းကို ပြောပေးရမယ်”

ဟု အူကြောင်ကြောင် တောင်းဆိုလေရာ မိုးကောင်းက ရယ်မော၍ လက်ခံလိုက်လေ၏။ မိုး ကောင်းသည် အိမ်သို့ပြန်ရောက်သောအခါ အိမ်နောက်ပေါက်မှ ခြံထဲသို့ခိုးဝင်၍ ပြတင်းပေါက်မှ ကျော်တက်ကာ သူ၏ အခန်းထဲသို့ ဝင်အိပ်လိုက်လေ၏။

မိုးကောင်း၏ ဖခင်သည် အဝေးပြေးကားဒရိုင်ဘာဖြစ်သဖြင့် ယနေ့ည အိမ်တွင်ရှိမနေပေ။ မိုးကောင်းသည် ညသန်းခေါင်သို့ ရောက်သောအခါ ဗိုက်ထဲတွင် ဆာလောင်နေသဖြင့် အိပ်ရာမှ လန့်နိုးလေ၏။

သူသည် အခန်းတံခါးကို အသံမကြားအောင်ဖွင့်၍ မီးဖိုချောင်သို့ဝင်ကာ ထမင်းကျန်၊ ဟင်း ကျန်များကို ရှာဖွေစားသောက်လေ၏။

ထို့နောက် ခြေသံမကြားအောင် အခန်းထဲသို့ ပြန်ဝင်၍ အိပ်စက်ခဲ့လေ၏

။

x x x

(၁)

မိုးကောင်းသည် မနက်စောစော အိပ်ရာမှနိုးနေသဖြင့် မိထွေးဖြစ်သူမသိစေရန် ပြတင်း ပေါက်မှ တိတ်တဆိတ်ထွက်ခွာရန် ပြင်ဆင်လေ၏ ။ ထိုအခိုက်မှာပင် အိမ်၏ အနောက်ရှိ စံပယ်ရုံ နံဘေးတွင် မိထွေးဖြစ်သူနှင့် တစ်ဖက်အိမ်မှ ကိုဖိုးထောင်ဆိုသူကို တွေ့ရလေ၏ ။

ကိုဖိုးထောင်သည် မိထွေးဖြစ်သူ၏ သိမ်သောခါးကို လက်ဖြင့်ဖက်၍

“မပြန်ချင်သေးပါဘူးကွာ၊ တွေ့ရတာ အားမရသေးဘူး”

ဟု ပြောသံကြား၍ မိုးကောင်း မျက်လုံးပြူးသွားလေ၏ ။ မိထွေးဖြစ်သူသည် ဖခင်မရှိခိုက် တွင် နှစ်ဆောင်ပြိုင်ဇာတ်လမ်းကို ကပြနေလေ၏ ။

ကိုဖိုးထောင်သည် လူပျိုလူလွတ်မဟုတ်ဘဲ မိန်းမရှိသူဖြစ်ပြီး သူ၏ မိန်းမသည် မနက်စော စော ကုန်စိမ်းရောင်းရန် ဈေးထွက်ရရှာ၏ ။ ထိုအခိုက်မှာပင် မိထွေးဖြစ်သူက နှုတ်ခမ်းကိုစူ၍

“ရှင်တော်တော်ကဲနော်၊ ဒီလောက်တွေ့ရတာ တောင် မကျေနပ်သေးဘူး၊ ဒီလောက်တောင် ဖြစ်နေရင် ရှင့်မိန်းမပြန်လာမှ တွေ့ပေတော့”

ဟု ခနဲ့တဲ့တဲ့ပြောလိုက်ရာ ကိုဖိုးထောင်က တီးတိုးရယ်၍

“အို ဒီကောင်မကို စိတ်ကူးထဲမှာတောင် မရှိပါဘူး ခင်ရယ်၊ ကိုယ့်ဘဝမှာ ခင်သာအရေး အကြီးဆုံးပါ၊ ခင်ကသာ ခင့်လူကြီးပြန်လာရင် ကျုပ်ကို မေ့နေမှာမဟုတ်လား”

ဟုပြောလေရာ မိထွေးဖြစ်သူက

“အို ဒီလူကြီးကို ကျွန်မပေါင်းရတာ ရိုးအီနေပါပြီ၊ ရှင့်ကိုသိပ်မကဲဖို့ပြောနေတာက ပတ်ဝန်း ကျင်က သိမှာစိုးလို့ရှင့်၊ ဟိုလူကြီးရဲ့သားကလည်း ရှိနေတယ်၊ ဒီကောင်လေး ဒီနေ့ည အိမ်ပြန်မ အိပ်ဘူး၊ ဘယ်မှာသွားကာလနာတိုက်နေသလဲ မသိဘူး၊ ဒီမှာ ကြာကြာဝါးမယ့်သွားက အရိုးကြည့် ရှောင်ရမယ်ရှင့်၊ ရှင်လိမ္မာရင် တစ်သက်လုံးစားရမယ်”

ဟုပြောလေရာ ကိုဖိုးထောင်သည် သဘောခွေ့သွားပြီး

“လိမ္မာပါ့မယ်ဗျာ၊ လိမ္မာပါ့မယ်၊ ကိုဖိုးထောင်သွားတော့မယ်နော်”

ဟုဆိုကာ တစ်ဖက်ခြံသို့ ကူးသန်းသွားလေ၏ ။

မိုးကောင်းသည် အခန်းထဲတွင် ပြန်၍ ပုန်းခိုနေလိုက်ရင်း ဖခင်၏ ဘဝအတွက် လွန်စွာရင် လေးသွားလေ၏ ။

ဖခင်သည် မိထွေးဖြစ်သူကို အလွန်ချစ်ပုံရ၏ ။ ခရီးထွက်ရာကပြန်လာတိုင်း သူမအတွက် လက်ဆောင်ပစ္စည်းများကို ဖွယ်ဖွယ်ရာရာ ဝယ်လာပေးလေ့ရှိ၏ ။ ယခုတော့ မိထွေးဖြစ်သူသည် ဖခင်၏ အချစ်ကို ဥပေက္ခာပြု၍ နှစ်ဆောင်ပြိုင်ဇာတ်လမ်း ခင်းကျင်းနေလေ၏ ။

မိုးကောင်းသည် မိထွေး၏ ယုတ်မာသောအကျင့်ကို ဖခင်အား အခါအခွင့်သင့်လျှင် ဖွင့်ပြော မည်ဟု ဆုံးဖြတ်လိုက်၏ ။ ထို့နောက်တွင်မူ လူရိပ်လူခြည်ကိုကြည့်၍ ပြတင်းပေါက်မှကျော်ဆင်း ကာ မြို့လယ်ခေါင်ဈေးရှိရာသို့ ထွက်ခဲ့လေ၏ ။ ဈေးအနီးရှိ ကုန်စုံဆိုင်တွင် သူ၏ သူငယ်ချင်း ဖိုးတာ ရှိ၏ ။

မနက်စောစော ဖိုးတာ၏ ဆိုင်ကို ကူညီခင်းကျင်းပေးရင်း ဖိုးတာနှင့်အတူ မနက်စာကို စား သောက်မည်ဟု စဉ်းစားထား၏ ။ မိုးကောင်းသည် ကုန်စုံဆိုင်ရှေ့သို့ ရောက်သောအခါ ဖိုးတာသည် ကြက်သွန်တောင်းကြီးများကို မနိုင့်တနိုင်ထမ်းချနေလေ၏ ။ မိုးကောင်းသည် ဖိုးတာ၏ ပခုံးကိုဖက်၍

“ငါကူပေးမယ် သူငယ်ချင်း”

ဟုပြောလေရာ အပျင်းထူသောဖိုးတာသည် ပျော်ရွှင်သွားလေ၏။ ထို့ကြောင့် ဖိုးတာက

“ဆိုင်ဖွင့်ပြီးရင် ငါနဲ့ ဘူတာကို လိုက်ခဲ့ပါဦးကွာ၊ ဘူတာမှာ ကြက်သွန်အိတ်တွေ သွားယူရဦး မယ်၊ ပြီးရင် မင်းကို ကိုပေါက်ကြီးဆိုင်က ဒံပေါက်ကျွေးပါ့မယ်ကွာ”

ဟုပြောလေရာ မိုးကောင်းသည် သဘောကျသွားလေ၏။ ကိုပေါက်ကြီးဒံပေါက်သည် မြို့ သူမြို့သားများအားလုံး ကြိုက်နှစ်သက်ကြ၏။ မြန်မာပြည်၏ မည်သည့်အရပ်က ရောက်ရှိလာသူ ဖြစ်စေကာမူ ကိုပေါက်ကြီး၏ ဒံပေါက်အကြောင်းကိုကြားလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားကြ ၏။ ပြီးနောက် တအံ့တသြဖြင့်

“ဒံပေါက်ကို ဒီလိုလည်းချက်လို့ရသကိုး”

ဟု ရေရွတ်ကြလေ၏။ အဘယ်ကြောင့်ဆိုသော် ကိုပေါက်ကြီး၏ ဒံပေါက်မှာ ဝက်သားနှင့် ချက်သောကြောင့် ဖြစ်၏။

ကိုပေါက်ကြီးသည် တရုတ်လူမျိုးဖြစ်ပြီး ဝက်သားကို အလွန်ကြိုက်၏။ သူသည် အိန္ဒိယလူ မျိုးများ ချက်လေ့ရှိသော ဒံပေါက်ထမင်းနှင့် ကြက်သားဟင်းကိုလည်း အလွန်နှစ်သက်၏။

သူသည် အိန္ဒိယလူမျိုး ဒံပေါက်ကျွမ်းကျင်သူများထံမှ တပည့်ခံ၍ ဒံပေါက်ချက်နည်းကို ခက်ခက်ခဲခဲ သင်ယူခဲ့ရ၏။ ထိုခေတ်က ဒံပေါက်ချက်နည်းကို လူအများမသိသေးဘဲ လျှို့ဝှက်ထား သည်ဖြစ်ရာ ကိုပေါက်ကြီးသည် ဒံပေါက်ကုလားများထံတွင် တစ်လတိတိ ကျွန်ခံသောအခါမှပင် ဒံပေါက်ချက်နည်းကို ဆရာစားမချန်ဘဲ သင်ပြပေးခဲ့သည်ဆို၏။

ကိုပေါက်ကြီးသည် ကုလားများထံမှ ဒံပေါက်ချက်နည်းကို တတ်ကျွမ်းသောအခါ လက်ခ မောင်းခတ်၍

"ဒီနေ့ကစပြီး ဒံပေါက်ကို ကုလားတွေသာမကဘူး၊ တရုတ်လဲ ချက်ရောင်းပြမယ်၊ ဒါပေမယ့် ဝကတော့ ဒံပေါက်ကို ကုလားလိုမချက်ဘူး၊ တရုတ်လိုဝက်သားနဲ့ချက်မယ်"

ဟု ကြွေးကြော်လိုက်သောအခါ ဒံပေါက်ကုလားများသည် ကိုယ့်နဖူးကိုယ်ရိုက်၍

"တရုတ်ကို ဒံပေါက်ချက်နည်းသင်ပေးလိုက်တာ မှားပါပြီဗျာ"

ဟု ရေရွတ်လေတော့၏။

ထို့နောက်တွင်မူ မိုးကောင်းသည် ဖိုးတာနှင့်အတူ ဘူတာသို့လိုက်၍ ရထားကို စောင့်ရ၏။

အတန်ကြာသောအခါ ကျောက်မီးသွေးရထားကြီးသည် မီးခိုးတလူလူဖြင့် ခုတ်မောင်းလာ လေ၏။ မိုးကောင်းတို့သည် ရထားပေါ်မှ ကြက်သွန်အိတ်များကို ဘူတာသို့ ချရလေ၏။

ပြီးနောက် မြင်းလှည်းပေါ်သို့တက်ကာ ကုန်စုံဆိုင်သို့ပြန်၍ ကြက်သွန်အိတ်များကို ချလေ ၏။ ပြီးနောက် ဖိုးတာက ပိုက်ဆံသေတ္တာထဲမှ ငွေတစ်မတ်ကိုနှိုက်ကာ ဒံပေါက်စားရန် ကိုပေါက် ကြီးထံသို့ ထွက်ခဲ့လေတော့၏။

မိုးကောင်းသည် ဖိုးတာကျွေးသော ဒံပေါက်နှင့်ဝက်သားဟင်းကို အဝအပြဲစား၍ ပြန်ခဲ့လေ တော့၏။

သူသည် အိမ်သို့တစ်ခေါက်ပြန်၍ သူ့ဖခင်ရောက်မရောက် ကြည့်ရှုလေ၏။ အိမ်ရှေ့တွင် ဖခင်၏ လောရီကားကြီးကို မြင်သောအခါ ဖခင်ပြန်ရောက်နေပြီဟု သိလိုက်သဖြင့် အိမ်သို့ပြန်ခဲ့လေ ၏။

မိထွေးဖြစ်သူသည် ဖခင်ကို သူ၏ အပြစ်များအား ချဲ့ကားပြောဆိုပြီးလောက်ပေပြီ၊ မိုးကောင်းသည် ခြံဝင်းထဲသို့ အရဲစွန့်၍ ဝင်ရောက်သွားလေရာ ပက်လက်ကုလားထိုင်ပေါ်တွင် မျက်လုံးမှိတ်၍ အနားယူနေသော ဖခင်ကိုတွေ့ရ၏။ မိထွေးဖြစ်သူသည် မိုးကောင်းအား မြင်သောအခါ မျက်နှာရှုံ့မဲ့၍

"ဟောဒီမှာ ရှင့်သား လူလိမ္မာကြီး ပြန်ရောက်လာပါပြီ"

ဟု ပြောဆိုလိုက်ရာ ဖခင်ဖြစ်သူသည် ဒေါသတကြီးထ၍ မျက်ထောင့်နီကြီးနှင့်ကြည့်ကာ

"ဟေ့ကောင် ငါ့အနားကို လာခဲ့စမ်း"

ဟုပြောလေ၏။ ထိုအခါ မိုးကောင်းက ဖခင်၏ မျက်နှာကိုကြည့်၍

"အဖေ ကျုပ်ရှင်းပြပါ့မယ်"

ဟုပြောလေရာ ဖခင်က ဒေါသမထိန်းနိုင်ဘဲ မိုးကောင်း၏ မေးစေ့ကို လက်သီးဖြင့် ထိုးလိုက် လေ၏။ မိုးကောင်းသည် မေးစေ့တစ်ခုလုံး ပူထူသွားပြီး မြေပေါ်သို့ ယိုင်လဲသွား၏။ ဖခင်က

"မင်းက ငါ့ကို စိတ်ဒုက္ခရောက်အောင် အမြဲလုပ်နေတဲ့ကောင်၊ ငါအလုပ်ကပြန်လာရင် ပြဿနာတစ်ခုမဟုတ် တစ်ခုကြားရတယ်"

ဟု အော်ဟစ်ပြောဆိုလေရာ မိုးကောင်းက လဲကျနေရာမှထ၍ မခံချိမခံသာဖြင့်

"အဖေ ကျွန်တော်ပြောတာ အရင်နားထောင်ပါဦး၊ ဒီမိန်းမကြီးပြောတာ နားမယောင်ပါနဲ့"

ဟု အော်ဟစ်လိုက်ပြန်ရာ ဖခင်က စိတ်ကိုမထိန်းနိုင်ဘဲ မိုးကောင်းကို လက်သီးဖြင့်ထပ်ထိုး ကာ

"မထောင်ဘူးကွာ၊ မထောင်ဘူး၊ မင်းပြောတာ ဘာတစ်ခုမှ ငါမကြားချင်ဘူး"

ဟုအော်ဟစ်လိုက်လေ၏။ မိုးကောင်းသည် ဖခင်၏ တစ်ဖက်သတ်အနိုင်ယူသောစကား ကြောင့် ရင်ထဲတွင် နာကျင်သွားလေ၏။

ဖခင်သည် မယားစကားကိုသာ နားဝင်၍ သားစကားကို နားဝင်ဟန်မရှိချေ။ မိထွေးဖြစ်သူ ၏ ဖောက်ပြန်သောအပြုအမူကို ပြန်လည်မြင်ယောင်လာပြီး သူ၏ ရင်ထဲတွင် မခံချင်စိတ်များ ပိုမို ဖြစ်ပေါ်လာကာ

"အဖေ ဒီမိန်းမကြီးရဲ့စကား နားယောင်နေရင် တစ်နေ့ ဘေးဒုက္ခလုံးလုံးတွေ့လိမ့်မယ်၊ ဒီ အခါကျမှ အဖေ နောင်တအကြီးအကျယ် ရမယ်"

ဟု အော်ဟစ်ပြောဆိုလိုက်ရာ သူ၏ ဖခင်သည် ပိုမိုဒေါသဖြစ်သွားပြီး

"အောင်မယ်၊ မင်းကများ ငါ့ကို ပြန်ပက်နေသေးတယ်၊ သေပေတော့"

ဟု ကြုံးဝါးကာ မိုးကောင်း၏ မျက်နှာကို လက်သီးဖြင့် အချက်ပေါင်းများစွာ ထိုးလေ၏။

ထိုအခါ ကားပြင်နေသော စပယ်ယာလူကြီးသည် ဖခင်ဖြစ်သူကိုဝင်ဆွဲ၍

"ဆရာ ဆရာ တော်ပါတော့ဆရာ"

ဟု တားဆီးလေ၏။ မိုးကောင်းသည် နှုတ်ခမ်းမှ စီးကျလာသောသွေးများကို ထွီခနဲထွေး ထုတ်၍

"အဖေ တစ်နေ့နောင်တရမယ်လို့ ကျွန်တော်ပြောခဲ့တယ်၊ ကျွန်တော့်မျက်နှာကို ဒီနေ့အဖေ နောက်ဆုံးတွေ့ခြင်းပဲ"

ဟု ဝမ်းနည်းစွာပြောဆိုရင်း ခြံထဲမှ ထွက်ခဲ့လေတော့၏။ ဖခင်ဖြစ်သူသည် ငူငူငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့လေ၏။

မိုးကောင်းသည် ဖခင်၏ တစ်ဖက်သတ်ဆန်သော အပြုအမူကြောင့် ရင်ထဲတွင် နာကျင်နေ လေ၏ ။ ကွယ်လွန်သွားပြီဖြစ်သော မိခင်ကြီးကိုလည်း သတိရမိ၏ ။

မိခင်ကြီးရှိလျှင် ဤသို့ နိုင့်ထက်စီးနင်းမှုမျိုး ဘယ်သောအခါမျှ ဖြစ်မလာနိုင်ချေ။

ဖခင်သည် တဖျာကြော၌ မျောပါပြီး စဉ်းစားဆင်ခြင်ဉာဏ် ကင်းမဲ့နေလေသလားမသိ၊ မိုး ကောင်းသည် နာကြည်းစိတ်၊ ဝမ်းနည်းစိတ်တို့ဖြင့် ဖိုးတာ၏ ကုန်စုံဆိုင်သို့ ပြန်သွားလေ၏ ။

ဖိုးတာသည် မိုးကောင်းမျက်နှာမှ ဒဏ်ရာများကို တအံ့တဩကြည့်၍

"ဟင်...မိုးကောင်း၊ မင်းမျက်နှာမှာ ဒဏ်ရာတွေနဲ့ပါလား၊ ဘယ်သူနဲ့ ရန်ဖြစ်လာသလဲ"

ဟု မေးမြန်းလေ၏ ။ မိုးကောင်းက ဝမ်းနည်းဟန်ဖြင့် ဖိုးတာ၏ အမေးကို မဖြေဘဲနေလေ၏ ။ ဖိုးတာသည် မိုးကောင်းအတွက် ပိုမိုမခံချိမခံသာဖြစ်လာပြီးနောက်

"မိုးကောင်း၊ မင်းကို ဘယ်ကောင်တွေ ဆော်လိုက်လဲ၊ လာ ငါတို့နှစ်ယောက် သွားပြီး ပြန်ဆော်ရအောင်"

ဟုပြောလေ၏ ။ မိုးကောင်းက ခေါင်းကို ဖြည်းညင်းစွာခါယမ်း၍

"ငါ့ကို ဘယ်သူမှ မဆော်ပါဘူးကွာ၊ အခု ငါ့အဖေနဲ့ ပြဿနာဖြစ်လာတာကွ"

ဟုပြောကာ ပြဿနာဖြစ်ပွားပုံကို အစမှအဆုံးထိ ဖိုးတာကို ပြန်လည်ပြောပြလေတော့၏ ။

ဖိုးတာက စိတ်မကောင်းဟန်ဖြင့် နားထောင်၍

“မင်းအဖြစ်က ရင်နာစရာပါလားကွ၊ အဖေတစ်ယောက်လုံးက မိထွေးဘက် လုံးလုံးပါနေ တော့ ပြောရခက်တယ်ကွ၊ မင်း ဘာလုပ်မယ်စိတ်ကူးလဲ”

ဟု မေးမြန်းလေ၏။ မိုးကောင်းက အံကိုကြိတ်၍ လက်သီးဆုပ်ကာ

“ငါ အိမ်မပြန်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီကွာ၊ ဖြစ်ချင်ရာဖြစ်၊ ဒီမြို့က ထွက်သွားတော့ မယ်၊ ယောကျ်ားပဲ၊ ဘယ်လိုအန္တရာယ်မျိုးမှ ငါမကြောက်ပါဘူးကွာ၊ တစ်နေ့ လူချမ်းသာကြီးဖြစ်ရင် တော့ ဒီမြို့ကို ပြန်လာမယ်၊ မချမ်းသာရင်တော့ တစ်သက်လုံး ပြန်မလာတော့ဘူးကွာ”

ဟုပြောလိုက်ရာ ဖိုးတာက သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

“မင်းရဲ့စိတ်ဓာတ်ကိုတော့ ငါကြိုက်သွားပြီကွ၊ ဒါပေမယ့် မြို့ကို ပြန်မလာဘဲနဲ့တော့ မနေပါ နဲ့၊ ဘာပဲဖြစ်ဖြစ် ပြန်လာပါကွာ”

ဟု တောင်းပန်လေ၏။ ထိုအခါ ၎င်း၏ စကားကို တံခါးအကွယ်မှ နားထောင်နေသော ဖိုး တာ၏ ဖခင်က ဝင်ရောက်၍

“ဒီမှာမိုးကောင်း၊ မင်းပြောတာ ငါအကုန်ကြားတယ်၊ စိတ်လိုက်မာန်ပါမလုပ်နဲ့ကွ၊ ငါတို့က လူကြီးဆိုတော့ မင်းတို့ထက် အတွေ့အကြုံအများကြီးရှိတယ်၊ ဒီအရွယ်မှာ စဉ်းစားဆင်ခြင်ဉာဏ် နည်းသေးတယ်၊ ဒါကြောင့် မဖြစ်သင့်တာ မဖြစ်ရအောင် ငါဝင်ပြောနေတာ၊ မင်းအဖေဆီကို မင်း ပြန်ပါ၊ လူ့လောကကြီးဟာ ဒုက္ခဆင်းရဲတွေ တပွေ့တပိုက်ကြီး ရှိနေတယ်ကွ”

ဟု စေတနာကောင်းနှင့် တားဆီးလေ၏။

မိုးကောင်းက ခေါင်းညိတ်၍

“ဒါတွေကို ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါကြောင့်ဒီအိမ်မှာ သည်းခံပြီး နှစ်ရှည်လများ နေနိုင်တာပေါ့၊ ဒါပေမဲ့ အခုတော့ ဘယ်လိုနည်းနဲ့မှ

သည်းခံလို့ မဖြစ်နိုင်တော့ဘူး၊ ဒီမိန်းမကြီးက ကျွန်တော့်ကို အိမ်မှာမနေစေချင်ဘူးဗျ၊ ဒါကြောင့် ကျွန်တော်မနေနိုင်အောင်လို့ အမျိုးမျိုးလုပ်နေ တာ၊ ဒီလိုအိမ်မျိုးမှာ ကျွန်တော်ဆက်နေရင် ဒုက္ခငရဲပဲ၊ ဒီအိမ်မှာကြုံတွေ့ရတာ ထက်ဆိုးတဲ့ ဒုက္ခ၊ ဒီ ကမ္ဘာကြီးမှာ ရှိနိုင်မယ်မထင်ဘူး၊ ဒါကြောင့် ဘယ်လိုဆင်းရဲကြပ်တည်းခြင်းနဲ့ပဲ ကြုံကြုံ ကျွန်တော် ရင်ဆိုင်ဝံ့ပါတယ်”

ဟုပြောလေ၏။

ထိုအခါ ဖိုးတာ၏ ဖခင်က အားလျှော့ဟန်မရှိသေးဘဲ

“ဒါဆိုရင် မင်းအဖေကို ငါသွားပြောပေးမယ်ကွာ”

ဟုပြောလေ၏။

မိုးကောင်းက ခေါင်းခါ၍

“ဦးလေးပြောရင်လည်း အပိုဖြစ်မှာပဲ၊ အဖေက သူ့မိန်းမစကားကလွဲရင် ဘယ်သူ့စကားမှ နားထောင်တာမဟုတ်ဘူး”

ဟုပြောလေရာ ဖိုးတာ၏ ဖခင်က သက်ပြင်းချ၍

“မင်းအဖြစ်က စိတ်မကောင်းစရာပါလားကွာ၊ ဒါဆိုရင်လဲ ငါ့ဆိုင်မှာပဲ ကူညီပြီးလုပ်ကိုင်ပေး ပါလား”

ဟု ပြောလေ၏။

မိုးကောင်းက သက်ပြင်းချ၍

“ကျွန်တော် ဒီမြို့မှာ မနေချင်တော့ဘူး၊ ဒီမြို့ကလေးကနေထွက်ပြီး လူ့လောကကြီးထဲဝင် မယ်၊ အတွေ့အကြုံအသစ်အဆန်းတွေကို ရှာမယ်၊ စွန့်စွန့်စားစား အလုပ်လုပ်ချင်တယ်၊ ကျွန်တော့် ဘဝအတွက် ဒီအဖြစ်ဆိုးဟာ အတွေ့အကြုံ အသစ်အဆန်းတစ်ခုလို့ပဲ ယူဆထားပါတယ်”

ဟုပြောလေရာ ဖိုးတာ၏ ဖခင်သည် မိုးကောင်းကို ပြောမရသဖြင့် လက်လျှော့လိုက်ရ၏။

မိုးကောင်းက ယနေ့ည ကုန်စုံဆိုင်တွင် ညအိပ်ခွင့်တောင်းလိုက်၏။

သူသည် နောက်တစ်နေ့တွင် ကြုံရာရထားနှင့်လိုက်၍ သူ့ဘဝ၏ စွန့်စားခန်းအသစ်များကို စတင်မည်ဟု ဆုံးဖြတ်လိုက်၏။

မိုးကောင်းသည် ထိုနေ့ညက မေးရိုးတစ်ခုလုံး နာကျင်နေ၍ ကောင်းစွာအိပ်စက်နိုင်ခြင်းမရှိ ချေ။

သို့သော် ခန္ဓာကိုယ်က နာကျင်မှုထက် ရင်ထဲကနာကျင်မှုကပိုသဖြင့် မျက်ရည်များ စီးကျ လာလေ၏။

မိုးကောင်းသည် နောက်တစ်နေ့နံနက် အိပ်ရာမှနိုးသောအခါ ဖိုးတာတို့သားအဖကို နှုတ် ဆက်၍ ဘူတာရုံသို့ ထွက်ခဲ့လေ၏။

မိုးကောင်း၏ လက်ထဲတွင် ဖိုးတာပေးလိုက်သော ငွေ (၅) ကျပ်ပါရှိ၏။

သူသည် ဘူတာရုံသို့ရောက်သောအခါ ကုန်ရထားကြီးရပ်ထားသဖြင့် ရထားလက်မှတ် တစ်စောင်ဝယ်ကာ ရထားပေါ်သို့ တက်ထိုင်လေ၏။

ခဏကြာလျှင် ရထားကြီး စတင်ထွက်ခွာသွားလေ၏။

မိုးကောင်းသည် ရထား၏ တံခါးပေါက်မှ တဖြည်းဖြည်းဝေး၍ ကျန်ခဲ့သောမြို့ကလေးကို ကြည့်ရင်း သူ့ဘဝ၏ စွန့်စားခန်းများ စတင်ပြီဟု တွေးတောလိုက်လေ၏။

x x x

(၂)

ကုန်ရထားကြီးသည် တရွေ့ရွေ့ထွက်ခွာလာပြီးနောက် တစ်ဘူတာပြီးတစ်ဘူတာ ကျော် ဖြတ်ခဲ့လေ၏ ။

မိုးကောင်းသည် ကုန်ရထားဖြတ်ကျော်ခဲ့သော ဘူတာစဉ်များကိုကြည့်၍ သူ၏ ခရီးသည် ဦးတည်ရာမရှိသဖြင့် မည်သည့်အရပ်တွင် ဆင်းရမှန်းမသိပေ။

ထိုအခိုက်မှာပင် ကုန်ရထားကြီးသည် ဘူတာရုံတစ်ရုံသို့ဝင်ပြီး တော်တော်နှင့်ပြန်မထွက်နိုင် တော့ပေ။ ထိုအခါ မီးရထားပေါ်တွင် လိုက်ပါလာသော ခရီးသည်များသည် ဆူညံဆူညံအသံပြု၍ ရထားပေါ်မှ ဆင်းကြသဖြင့် မိုးကောင်းလည်း ရထားပေါ်မှ ဆင်းလိုက်လေ၏ ။

မီးရထားကြီး၏ စက်ခေါင်းအနီးတွင် မီးရထားဝန်ထမ်းများ စုပြုံနေပြီး တစ်စုံတစ်ရာကို စုဝေးတိုင်ပင်နေသဖြင့် ရထားစက်ပျက်ပြီဟု သိလိုက်ရလေ၏ ။

မိုးကောင်းသည် ရထားစက်ပျက်နေခြင်းကို ပူပင်သောကဖြစ်ခြင်းမရှိပေ။ သူ၏ ခရီးသည် ဦး တည်ရာမရှိသဖြင့် ရထားရောက်လေရာမြို့တွင် ဆင်းမည်ဟု ကြံရွယ်ထားသောကြောင့် ဖြစ်သည်။

သို့သော် ခရီးသည်များထဲတွင် ချိတ်လုံချည်၊ ရင်ဖုံးအကျႌနှင့် ခေါင်းပေါင်းကိုပေါင်းကာ ဇာတ်မင်းသားကဲ့သို့ ဝတ်ဆင်ထားသော လူတစ်ယောက်သည် နောက်လိုက်နောက်ပါ တပည့် တပန်းများကိုခြံရံ၍ ခေါင်းတွဲရှိရာသို့ ထွက်ခွာသွားပြီး မီးရထားမောင်းသူကို မကျေမနပ်ကြည့်ကာ

“ဒီမှာ ခင်ဗျားတို့ရထားက ဒီနေ့ထွက်ဦးမှာလား၊ ကျုပ်က သတို့သားဗျ၊ ဒီနေ့ညနေ ကျောက်ဆည်ကိုအရောက်သွားပြီး ကွမ်းတောင်းကိုင်မိန်းကလေးနဲ့

လက်ထပ်ရမှာဗျ၊ နောက်ကျ လို့မဖြစ်ဘူး”

ဟုပြောလေရာ စက်ခေါင်းပျက်၍ စိတ်ညစ်နေသော မီးရထားမောင်းသူက

“နောက်ကျလို့မဖြစ်လဲ ခင်ဗျားတို့ဘာသာ သံလမ်းအတိုင်း ဆင်းပြီးလမ်းလျှောက်သွားပေ တော့၊ ရထားပျက်တာတော့ ကျုပ်တို့လဲ မတတ်နိုင်ဘူး”

ဟုပြောလေရာ သတို့သားသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုကုတ်၍

“ဒုက္ခပါပဲဗျာ”

ဟု ချုံသံပါအောင် ညည်းလေ၏။

ထိုအခါ ခန္ဓာကိုယ်တစ်ခုလုံး လူမြင်မကောင်းအောင် ရွှေများဖြင့်မွမ်းမံခြယ်သထားသော မိန်းမကြီးတစ်ယောက်ကလည်း ဘူတာပတ်ဝန်းကျင်ကို ထိတ်လန့်ဟန်ဖြင့်ကြည့်၍

“ဒီဘူတာမှာညအိပ်ရရင်တော့ ဒုက္ခပါပဲ၊ ကျုပ်ပစ္စည်းတွေအတွက် စိုးရိမ်ရတယ်၊ ဘူတာမှာ လူဆိုးဓားပြတွေရှိနေရင်တော့ ညအိပ်လို့မဖြစ်ဘူး”

ဟု ညည်းညူလေ၏။

ရထားပေါ်တွင် လိုက်ပါလာသော အခြားသောခရီးသည်များကလည်း ကိုယ့်နည်းကိုယ့်ဟန် ဖြင့် ညည်းညူကြလေ၏။ မိုးကောင်းသည် ဆူညံစွာညည်းညူနေသူများကိုကြည့်၍ ခေါင်းကိုခါယမ်း ၍ ၎င်းတို့နှင့်ဝေးရာသို့ တစ်ကိုယ်တည်း ထွက်ခဲ့လေ၏။

ရထားတွဲကြီး၏ နောက်ပိုင်းတွင် လူသူကင်းရှင်းနေပြီး အေးအေးချမ်းချမ်းရှိလှသဖြင့် ထိုနေ ရာသို့ ထွက်ခဲ့လေ၏။ ထိုအခိုက်မှာပင်

အုတ်ခုံတ်စခုပေါ်တွင် အေးဆေးသက်သာစွာထိုင်၍ ကောင်းကင်ကို မော့ကြည့်နေသော လူကြီးတစ်ယောက်ကို သတိပြုမိလေ၏။

ထိုလူကြီး၏ ရှည်လျားတွန့်လိမ်နေသော ဆံပင်များသည် ဂုတ်ပေါ်သို့တိုင်အောင် ဝဲကျနေ လေ၏။ လူကြီး၏ နံဘေးတွင် လွန်စွာကြီးမားသော သားရေအိတ်ကြီးတစ်အိတ်လည်း ရှိ၏။ လူကြီး သည် သားရေအိတ်ထဲမှ ဆေးပေ့ါလိပ်တစ်လိပ်ကို ထုတ်ယူ၍ ကြေးမီးခြစ်ကြီးတစ်လုံးဖြင့် ထောက် ခနဲ ခြစ်လိုက်လေ၏။

မိုးကောင်းသည် ဘူတာတစ်ခုလုံး ဆူညံပွက်နေချိန်တွင် အေးဆေးသက်သာရှိလှသော လူကြီးကို သဘောကျသွားပြီး လူကြီး၏ မလှမ်းမကမ်းရှိအုတ်ခုံပေါ်တွင် သွားထိုင်လေ၏။ မိုးကောင်းသည် သူ့ဘဝရေ့ရေးကို တွေးတောရင်း ရင်ထဲတွင် မောလျလာလေ၏။

ခဏကြာသောအခါ အုတ်ခုံအနီးသို့ ရုပ်ရည်ကြမ်းတမ်း၍ စိတ်သဘောထားဆိုးဟန်ရှိသော လူသုံးဦးလျှောက်လာပြီးလျှင် အေးဆေးစွာထိုင်နေသော လူကြီးကိုကြည့်၍

“ကြည့်ရတာ တစ်ကိုယ်တော်နဲ့တူတယ်၊ အိတ်ကြီးက အကြီးကြီးပဲ၊ လူရှင်းတုန်း သွားလူပ် ရှားလိုက်ရင် အဆင်ပြေမှာ ကျိန်းသေတယ်”

ဟုပြောလေရာ ကျန်တစ်ယောက်က ခေါင်းညိတ်၍

“သေချာတာပေ့ါ၊ ကံကောင်းရင် အထုပ်နဲ့အထည်နဲ့ရမှာနော်”

ဟုပြောကာ လူကြီးအနီးသို့ လျှောက်သွားလေ၏။

မိုးကောင်းသည် ထိုလူသုံးယောက်၏ ပြောစကားများကို နားထောင်၍ လုယက်ဆိုးသွမ်းနေ သော လူမိုက်သုံးယောက်ဟု သိလိုက်ပြီး လူကြီးအတွက် စိုးရိမ်သွားလေ၏။

လူကြီးသည် သူ၏ အနီးသို့ ရောက်လာသော လူမိုက်သုံးဦးကို ရှိသည်ဟုမထင်ဘဲ ဆေးပေါ့ လိပ်ကြီးကို သဲကြီးမဲကြီး ဖွာရှိုက်နေလေ၏။

ထိုအခါ လူမိုက်သုံးယောက်သည် လူကြီးကို ဝန်းရံထားလိုက်ပြီး တစ်ယောက်နှင့်တစ် ယောက် မျက်ရိပ်ပြကာ လက်သွက်ဟန်ရှိသော လူမိုက်တစ်ဦးက လူကြီး၏ လေးလံသောသားရေ အိတ်ကြီးကို ဆတ်ခနဲ ဆွဲယူလိုက်လေ၏။

သို့သော် လူကြီးက သားရေအိတ်ကို လက်နှင့်ဖိလိုက်သဖြင့် မ၍ မရဘဲ ရှိနေလေ၏။ ထိုအ ခါ လူမိုက်တစ်ယောက်က လူကြီး၏ မျက်နှာကို လက်ပြန်ဖြတ်ရိုက်ရန် ကြိုးပမ်းလိုက်၏။

သို့သော် လူကြီးက လူမိုက်၏ လက်ကို ဖမ်းကိုင်လိုက်ပြီး မထိလေးစားကြည့်ကာ

"လူမိုက်ကလေးတွေထင်တယ်၊ ကိုယ့်လူတို့ အတော်နုသေးတာပဲ၊ လူကိုကြည့်ပြီးလုပ်ပါကွ၊ ငါဟာ မင်းတို့လိုလူမိုက်ကလေးတွေကို အပျင်းပြေသတ်ပုတ်နေကျကွ၊ ဒီနေ့တော့ အေးအေးဆေး ဆေး ထိုင်နေပါရစေကွာ၊ ဒီထက်ဆိုးလာရင်တော့ ငါ သည်းမခံနိုင်ဘူးနော်"

ဟုပြောကာ လူမိုက်၏ ချုပ်ထားသောလက်ကို လွှတ်ပေးလိုက်လေ၏။ လူမိုက်များသည် လူကြီး၏ မခန့်လေးစားအမူအရာကြောင့် မခံချိမခံသာ ဖြစ်သွားလေ၏။ ၎င်းတို့သည် ဘူတာတွင် မြင်သမျှလူကို အနိုင်ကျင့်နေကျဖြစ်သဖြင့် လူကြီးတစ်ယောက်ကို အရှုံးပေးရလျှင် ရာဇဝင်ရိုင်းမည်ဟု ယူဆကာ လူကြီးကို ညှပ်ပူညှပ်ပိတ် ထိုးကြိတ်ရန်အလို့ငှာ အနီးသို့ ပူးကပ်လာကြ၏။

လူကြီးက တဟားဟားရယ်မော၍

"ဟား…ဟား…ဟား…လာကြလာကြ၊ ပြောမရလဲ

အပျင်းပြေသတ်ပုတ်ရတာ ပေါ့”

ဟုအော်ဟစ်ကာ ရှေ့ဆုံးမှတိုးဝင်လာသော လူမိုက်၏ ပေါင်ကြားသို့ ထိုင်လျက်ကပင် ခြေ ဖြင့်ဆောင့်ကန်၍ ကျန်တစ်ယောက်ကို အနီးရှိအိတ်ကြီးဖြင့် လွှဲရိုက်လိုက်ရာ လူမိုက်နှစ်ယောက် သည် ပိုးလိုးပက်လက် လဲကျသွားလေ၏။

နောက်ဆုံးကျန်နေသော လူမိုက်သည် လွန်စွာဒေါသပုန်ထသွားပြီး ညစ်ညမ်းစွာဆဲဆို၍ လူ ကြီးရှိရာသို့ ပြေးပြီးထိုးလိုက်ရာ လူကြီးက ထိုင်လျက်ပင် လူမိုက်၏ လက်သီးကို လွှဲဖယ်၍ ၎င်း၏ ခန္ဓာကိုယ်အား ပခုံးဖြင့်ထမ်း၍ ကိုင်ပေါက်လိုက်ရာ လူမိုက်သည် အုတ်ခုံပေါ်မှလွင့်စင်၍ ရွှံ့နွံထဲသို့ ခေါင်းငိုက်စိုက်ကျသွား၏။

မိုးကောင်းသည် လူကြီး၏ တိုက်ခိုက်ပုံကိုကြည့်၍ လွန်စွာသဘောကျသွားပြီး လက်ခုပ် လက်ဝါးတီးကာ

“ဟား…ဟား…ဟား… ကြည့်လို့ကောင်းလိုက်တာဗျာ၊ ဦးလေးက သိုင်းသမားနဲ့တူတယ်၊ ဟိုလူတွေ ထတောင်မထနိုင်တော့ဘူး”

ဟု ချီးမွမ်းလိုက်လေ၏။ လူကြီးက မိုးကောင်းကိုကြည့်၍ ခေါင်းညိတ်ကာ

“လူမိုက်ပါးမဝသေးလို့ ငါ့လိုကောင်ကို စမ်းဖို့ကြိုးစားတာပေါ့ကွာ၊ ငါက ဒီကောင်တွေထက် ဆယ်ပြန်လောက်ပိုမိုက်တဲ့ကောင်ကွ”

ဟုပြောလေရာ မိုးကောင်းက လူကြီးကို အံ့သြစွာကြည့်၍

“ဟင်…ဒါဆိုရင် ဦးလေးကလဲ လူမိုက်ကြီးပဲပေါ့”

ဟု မေးမြန်းလေ၏။ လူကြီးကခေါင်းညိတ်၍

“ငါ့နာမည် တစ်ကျွန်းပြန်သာဒွန်းတဲ့ကွ၊ ကျွန်းကနေ စွန့်စားပြီးပြေးလာတဲ့ကောင်၊ ဒီလိုလူ မိုက်သေးသေးမွှားမွှားတွေလောက်တော့

အပျော့ပေါ့ကွာ”

ဟုပြောလေရာ မိုးကောင်းသည် တစ်ကျွန်းပြန်သာဒွန်းဆိုသော လူမိုက်ကြီးအား အနည်း ငယ် ထိတ်လန့်သွားလေ၏။

တစ်ကျွန်းပြန်သာဒွန်းက မိုးကောင်း၏ အမူအရာကိုကြည့်၍ သဘောကျဟန်ဖြင့် ရယ်မော ကာ

“ဟားဟားဟား...မကြောက်ပါနဲ့ကွာ၊ ငါက လူဆိုးဓားပြလုပ်ပြီး ကျွန်းကိုရောက်သွားတာ မဟုတ်ပါဘူး၊ အမှုတစ်ခုမှာ လာဘ်စားပြီး အပြစ်မရှိတဲ့တရားခံကို ထောင်ချရုံမက တရားခံရဲ့သမီး ကိုပါ ဖြားယောင်သွေးဆောင်ပြီး ဖျက်ဆီးခဲ့တဲ့ တရားသူကြီးတစ်ယောက်ကို ငါ့နည်းငါ့ဟန်နဲ့ သေဒဏ်ပေးခဲ့လို့ ကျွန်းကျခဲ့တာကွ၊ ငါ့ရှေ့မှာ မတရားလုပ်ရင် လက်ပိုက်ကြည့်မနေတတ်ဘူး၊ ဒါ ကြောင့်လဲ ငါ့မှာ အမှုတွေများတာ မဆန်းပါဘူး၊ ဒါနဲ့ မင်းကိုကြည့်ရတာ ငါ့လိုပဲ ရထားပေါ်က ဆင်း လာတဲ့ကောင်နဲ့တူတယ်၊ ဟဲဟဲ...ငါ့အထင်တော့ မင်းဟာ အိမ်ကထွက်ပြေးလာတဲ့ကောင်ပဲ ဖြစ် လိမ့်မယ်”

ဟုပြောလေရာ မိုးကောင်းသည် အံ့သြသွားပြီး

“ဟဲဟဲ...ဦးလေးက ဘယ်ဆိုးလို့လဲ၊ ကျုပ်အကြောင်းကို မပြောဘဲနဲ့သိနေတယ်၊ ဘာလဲ အကြားအမြင်ရလို့လား”

ဟု မေးမြန်းလေ၏။ တစ်ကျွန်းပြန်သာဒွန်းက

“အကြားအမြင်ရလို့မဟုတ်ပါဘူးကွာ၊ အပွေးမြင်အပင်သိဆိုသလိုပေါ့၊ မင်းဟာ ဆူညံပွက် နေတဲ့ လူအုပ်ကြီးထဲကနေ ခွဲထွက်လာပြီး အုတ်ခုံလေးမှာ တစ်ယောက်တည်းလာထိုင်နေကတည်း က မင်းမှာ တွေးစရာတွေရှိနေလို့ကွ၊ အိမ်ကထွက်လာပြီး ရှေ့ဆက်ရမဲ့ဘဝခရီးကို တွေးတောရင်း စိတ်မောနေမယ်ဆိုတာ ငါ ရိပ်စားမိလိုက်ပါတယ်၊ နောက်ပြီး မင်းမှာ ခရီးထွက်လာတဲ့လူတွေလို ခရီးဆောင်အိတ်တွေ ဘာတွေလဲ အကျအနမပါဘူး၊

လွယ်အိတ်စုတ်ကလေးတစ်လုံးနဲ့ဆိုတော့ ဖြစ်သလိုခရီးထွက်လာရပုံပေါ်တယ်၊ ဒီကတည်းက ရုတ်တရက် အုပ်ထိန်းသူနဲ့ ပြဿနာဖြစ်ပြီး အိမ်ပေါ်ကဆင်းလာတဲ့ပုံပဲ”

ဟုပြောလေရာ မိုးကောင်းက သဘောကျစွာဖြင့်

“သိပ်မှန်တာပေါ့ဗျာ၊ ဘယ်လိုအကြောင်းကိစ္စနဲ့ အိမ်ပေါ်ကဆင်းလာတယ်ထင်သလဲ”

ဟု မေးမြန်းလိုက်၏။ တစ်ကျွန်းပြန်သာဒွန်းဆိုသောလူကြီးက

“ဟေ့ကောင် မင်းငါ့ကို ပညာလာစမ်းနေတာလား၊ ဒီလိုဆိုတော့လည်း ပြောရတာ ပေါ့ကွာ၊ မင်းရဲ့ရုပ်ရည်နဲ့ ပုံပန်းသဏ္ဌာန်ကိုကြည့်ရတာ ပေတေလေလွင့်ပြီး ဆိုးသွမ်းနေလို့ မိဘက အိမ်ပေါ်က နှင်ချတာမဖြစ်နိုင်ဘူး၊ မင်းဟာ အနည်းငယ် ဂျစ်ကန်ကန်နိုင်တဲ့ အမူအရာရှိတယ်၊ ဒီလို လူမျိုးဟာ မဟုတ်မခံပေါ့ကွာ၊ မာန်မာနလဲ နည်းနည်းရှိလိမ့်မယ်ဟေ့၊ အင်း… ဂျစ်ကန်ကန်နိုင်ပြီး မဟုတ်မခံတဲ့ကောင်လေးတွေ အိမ်ပေါ်ကဆင်းလာကြရင် မိဘက မဟုတ်တာလုပ်လို့ ဆင်းလာတာများတယ်၊ မိဘက မဟုတ်တာလုပ်တယ်ဆိုတော့ နောက်အိမ်ထောင်ပြုမယ်ကွာ၊ အိမ်ပေါ်ကို မိထွေးဖြစ်ဖြစ်၊ ပထွေးဖြစ်ဖြစ် ရောက်လာပြီး မင်းနဲ့ ပြဿနာတက်တာပဲ ဖြစ်လိမ့်မယ်၊ ဟုတ်တယ်မဟုတ်လား”

ဟု မေးမြန်းလိုက်ရာ မိုးကောင်းက

“မှန်လိုက်လေဗျာ၊ ဦးလေးကိုတော့ ကြိုက်သွားပြီ”

ဟု ချီးမွမ်းလိုက်လေ၏။

ထိုအခိုက်မှာပင် မီးရထားစက်ခေါင်းသည် ပြန်လည်၍ မောင်းခုတ်နိုင်ပြီး ထွက်ရန်ပြင်ဆင် နေလေ၏။ တစ်ကျွန်းပြန်သာဒွန်းက သူ၏

အိတ်ကြီးကို ပခုံးတွင်လွယ်လိုက်ပြီး

“ရထားထွက်တော့မယ်ကွ၊ မင်းနဲ့ငါ အေးအေးဆေးဆေး စကားပြောရအောင် ကုန်တွဲတွေ က ထိုင်လိုက်ကြမယ်”

သစ်လုံးများကို တင်ဆောင်လာသော အမိုးဖွင့်ကုန်တွဲကြီးပေါ်သို့ နှစ်ဦးသားခုန်တက်၍ လိုက်ပါလာလေ၏။

ကုန်တွဲပေါ်ရှိ သစ်လုံးများပေါ်တွင် တင်ပျဉ်ခွေထိုင်၍ တစ်ကျွန်းပြန်သာဒွန်းက

“မင်း ရှေ့ဆက်ပြီး ဘာလုပ်ချင်လဲ”

ဟု မေးမြန်းလေ၏။ မိုးကောင်းက မျက်မှောင်ကြုတ်၍ အကောင်းဆုံးအဖြေကို စဉ်းစားကာ

“ကျုပ် စွန့်စားချင်တယ်ဗျာ”

ဟုပြောလေရာ လူကြီးက သဘောကျဟန်ဖြင့်

“အေး…စွန့်စားချင်ရင် ငါနဲ့လိုက်ခဲ့ပေါ့ကွာ၊ စွန့်စားချင်သလောက် စွန့်စားရမယ်”

ဟုပြောလေ၏ ထိုအခါ မိုးကောင်းက ခေါင်းခါ၍

“ကျုပ် လူဆိုးမလုပ်ချင်ဘူးဗျာ၊ လူကောင်းပဲလုပ်ချင်တယ်”

ဟုပြောလေရာ လူကြီးက

“ဒါဆိုရင်လည်း မင်းသဘောပေါ့ကွာ၊ ငါကတော့ လူကောင်းလူဆိုးရယ်လို့ မသတ်မှတ်ပါ ဘူး၊ ငါလုပ်ချင်တာလုပ်နေရရင် ကျေနပ်နေတာပဲ၊ ဒါပေမယ့် တရားမျှတတဲ့အလုပ်တွေကိုပဲ တိတိ ကျကျ လိုက်နာပြီး လုပ်ကိုင်ပါတယ်ကွာ”

ဟုပြောလေရာ မိုးကောင်းက အံ့သြဟန်ဖြင့်

"ဒါဆိုရင် ခင်ဗျားက လူကောင်းပေါ့"

ဟု မေးမြန်းလေ၏ ။ တစ်ကျွန်းပြန်သာဒွန်းက

"ကောင်းတယ်ဆိုးတယ်ဆိုတာ လူတွေရဲ့ သတ်မှတ်ချက်တစ်ခုပါကွာ၊ ဆင်းရဲသာပြည်သူ တွေကို ဒုက္ခအမျိုးမျိုးပေးပြီး ငွေတိုးချေးစားနေတဲ့ မိန်းမကြီးတစ်ယောက်ကို ငါက အိမ်တိုင်မှာ ကြိုး နဲ့တုတ်ပြီး ကြာပွတ်နဲ့ရိုက်ပြီး အပြစ်ဒဏ်ခတ်ခဲ့တယ်ကွာ၊ ဒါဟာ ပုလိပ်ဘက်ကကြည့်ရင်တော့ လူဆိုးတွေရဲ့ အပြုအမူပေါ့ကွာ၊ ငါ့ဘက်ကကြည့်ရင်တော့ တရားမျှတတဲ့အလုပ်ကို တိတိကျကျ လိုက်နာပြီး လုပ်ကိုင်တာပဲ၊ အခုလဲ ငါဟာ အလွန်ရိုးသားဖြူစင်ပြီး သနားစရာကောင်းတဲ့မိသားစု တစ်ခုကို ငွေတွေ အကြီးအကျယ်လိမ်ပြီး ဘဝပျက်အောင်လုပ်ခဲ့တဲ့ လူတစ်ယောက်ကို မိုးအဆုံး မြေအနှံ့ လိုက်ရှာနေတာကွ"

ဟုပြောလေရာ မိုးကောင်းက စိတ်ဝင်စားစွာဖြင့်

"တွေ့ရင် ဘာလုပ်မှာလဲ"

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါ တစ်ကျွန်းပြန်သာဒွန်းဆိုသော လူကြီးက

"တွေ့ရင်သတ်မလို့ကွ"

ဟု အေးစက်စက်ပြောလိုက်လေရာ မိုးကောင်းသည် ၎င်းအား လူဆိုးအစစ်ဖြစ်သည်ဟု ယူ ဆသားလေ၏ ။

ထို့ကြောင့် တစ်ကျွန်းပြန်သာဒွန်းနှင့် သတိထားပေါင်းရန် ဆုံးဖြတ်လိုက်လေ၏ ။

ထိုအခါ တစ်ကျွန်းပြန်သာဒွန်းက

"ဟဲ..ဟဲ...ငါ့ကို လူဆိုးကြီးဆိုပြီး သတိထားပေါင်းမယ်လို့

စဉ်းစားထားသလား၊ လူမှာ ပင် ကိုယ်စွမ်းအားက အရေးအကြီးဆုံးပါပဲကွာ၊ ပင်ကိုယ်စွမ်းအားက လက်မခံရင် အဲဒီ လူကို ဘယ်လိုလူမျိုးကမှ ပြောင်းလဲအောင်လုပ်လို့မရဘူး၊ မင်းမှာ လူဆိုးဖြစ်နိုင်တဲ့ ပင်ကိုယ်စွမ်းအားမပါရင် ငါက ဘယ်လိုမှ လူဆိုးဖြစ်အောင် လုပ်လို့မရဘူး၊ ဥပမာ ယောကျ်ားလေးတွေရဲ့ အစအနောက်ခံရတဲ့ မိန်းကလေးတစ်ယောက်ကိုကြည့်၊ ယောကျ်ားလေးတွေက စပြီနောက်ပြီဆိုကတည်းက သူ့ရဲ့ပင်ကိုယ်စွမ်းအားက စချင်နောက်ချင်အောင် ပြုပြင်ပြောင်းလဲထားလို့ကွ၊ သူ့ရဲ့ပင်ကိုယ်စွမ်းအားကိုက ယောကျ်ားလေးတွေရဲ့ အစအနောက်ကို ခံချင်နေရင် ဘယ်လောက်ပဲက္ကန္ဒြေရရနေပေမဲ့ အစအနောက်ခံရမှာပဲ၊ မိန်းကလေးရဲ့ပင်ကိုယ်စွမ်းအားကိုက ယောကျ်ားလေးတွေရဲ့ အစအနောက်ကို မခံချင်ရင် ဘယ်ယောကျ်ားကမှ မစဝံ့ဘူးကွ”

ဟုပြောလေရာ မိုးကောင်းသည် တစ်ကျွန်းပြန်သာဒွန်းဆိုသူ၏ စကားကို မယုံတစ်ဝက် ယုံ တစ်ဝက်ဖြင့် နားထောင်နေလေ၏ ။

ထိုအခါ လူကြီးက

“ဟဲဟဲ…မင်းငါ့စကားကို မယုံနိုင်သေးဘူးနဲ့တူတယ်၊ မင်းက အတွေ့အကြုံနုသေးတော့ ဒီ သဘောတရားတွေ ဘယ်သိပ့်မလဲ၊ လောလောဆယ် မင်းရောငါပါ ဗိုက်ဆာနေပြီ၊ ဒါကြောင့် ထမင်းစားကြမယ်”

ဟုဆိုကာ သူ၏ အိတ်ကြီးထဲမှ ထမင်းထုတ်နှစ်ထုပ်ကို ထုတ်လေ၏ ။ လူကြီးက ထမင်းထုပ် တစ်ထုပ်ကို မိုးကောင်းဘက်သို့ တိုးပေးရင်း

“ငါက ထမင်းစားရင် မဝမှာစိုးလို့ နှစ်ထုပ်ဝယ်ထားတာကွ၊ ဒီနေ့ညတော့ ထမင်းတစ်ထုပ်ပဲ စားတော့မယ်ကွာ”

ဟုပြောလေ၏ ။ မိုးကောင်းသည် ဗိုက်ထဲတွင် ဆာလောင်နေသဖြင့် ဦးသာဒွန်းကျွေးသော ထမင်းထုပ်ကို မငြင်းဆန်နိုင်ဘဲ စားသောက်လိုက်လေ၏ ။ ထမင်းထုပ်သည် ဝက်သားဆီပြန်ဟင်း နှင့် သရက်သီးသနပ်ကို ထုတ်ထားသဖြင့်

စား၍ ပြန်လှ၏။

မိုးကောင်းသည် ဗိုက်ဆာဆာနှင့် ထမင်းထုပ်ကို ပြောင်စင်အောင်စား၍ ရေပုလင်းထဲမှ ရေ ကို သောက်လေ၏။

"ငါတော့ ဒီလူကြီးကျွေးတဲ့ထမင်းကို စားမိပြီ၊ သူကငါ့ကို လူဆိုးလုပ်ခိုင်းရင်တော့ ဒုက္ခပဲ"

ဟု တွေးတောနေလေ၏။ ထိုအခါ လူကြီးက တဟားဟားရယ်မော၍

"မင်းကို လူဆိုးမလုပ်ခိုင်းပါဘူးကွာ၊ ငါ့ကို မစိုးရိမ်ပါနဲ့၊ ဒါပေမယ့် ငါ့ကို အကူအညီတစ်ခု တော့ပေးရမယ်"

ဟုပြောလေရာ မိုးကောင်းက မျက်မှောင်ကြုတ်၍

"ဘာအကူအညီပေးရမှာလဲ"

ဟု မေးမြန်းလေ၏။ တစ်ကျွန်းပြန်ဦးသာဒွန်းက

"ငါဟာ ပေါက်စ (ခေါ်) ဘီလေးဘိုင်ဆိုတဲ့ လူယုတ်မာတစ်ယောက်ကို မြန်မာပြည်အနှံ့ လိုက်ရှာနေတာကွ၊ ဒီကောင်ဟာ အင်မတန်ယုတ်မာတယ်၊ မိန်းမပျိုလေးတွေကို ဖျက်ဆီးတာ လည်း မနည်းဘူး၊ ငါ တစ်ကျွန်းမှာနေတုန်းကလည်း ငါ့သမီးလေးကို ဖျက်ဆီးသွားတယ်ကွ၊ ငါ့သမီးဟာရှက်လွန်းလို့ သူ့ကိုယ်သူ သတ်သေသွားတယ်၊ ဒါ့ကြောင့် ဒီကောင်နဲ့တွေ့ရင် သတင်း စာကနေ ငါ့ကို အကြောင်းကြားပေးပါကွာ"

ဟု ပြောလေ၏။ မိုးကောင်းက ခေါင်းညိတ်၍

"စိတ်ချပါ၊ မကောင်းတာလုပ်တဲ့လူတွေကို အပြစ်ဒဏ်ခတ်ရမှာကိုတော့ ကျုပ်လဲ ထောက်ခံ တယ်၊ လောလောဆယ် အိပ်ချင်လို့ အိပ်တော့မယ်ဗျာ"

ဟု ပြောလိုက်လေတော့၏။

တစ်ကျွန်းပြန်သာဒွန်းသည် နောက်တစ်နေ့နံနက်တွင် ဘူတာတစ်ခုတွင် ရထားပေါ်မှ ဆင်း ရန် ပြင်လေ၏။ ထိုအခါ မိုးကောင်းက

"ကျွန်တော်နဲ့ ခွဲခွာကာနီးမှာ စကားလက်ဆောင်တစ်ခု ပေးခဲ့ပါဦး"

ဟု တောင်းဆိုလေ၏။ ထိုအခါ ဦးသာဒွန်းက ရယ်မောပြီး

"မင်းက ငါ့လိုလူဆိုးတစ်ယောက်ဆီက ဒဿနကို ကြားချင်တယ်ပေါ့၊ ဒါဆိုရင်လဲ ပြောရ တာပေါ့ကွာ၊ သေသေချာချာမှတ်ထား၊ လောကမှာ ဘယ်သူ့ကိုမှ မယုံရဘူးကွ၊ လူတွေဟာ ကြောက်စရာအကောင်းဆုံး၊ ကောက်ကျစ်စဉ်းလဲမှုအများဆုံး သတ္တဝါတွေပဲကွာ၊ အဲဒါ လောကကြီး ထဲကို အနှစ် (၅၀) ကျော်ဝင်ပြီး ငါရခဲ့တဲ့ ဒဿနပဲ၊ သေသေချာချာမှတ်ထားပေတော့"

ဟုပြောလေရာ မိုးကောင်းက ခေါင်းညိတ်၍

"ဟုတ်ကဲ့၊ သေသေချာချာမှတ်ထားပါ့မယ်၊ ကျုပ်ဟာ ဒီအချိန်ကစပြီး ခါးသီးတဲ့လောကကြီး နဲ့ ရင်ဆိုင်ရတော့မယ်၊ အဲဒီ တော့ ဘယ်လိုပြင်ဆင်ထားသင့်သလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ တစ်ကျွန်းပြန်သာဒွန်းက တဟဲဟဲရယ်၍

"မင်း မဆိုးဘူးကွ၊ တွေ့တဲ့သူဆီက ပညာယူတတ်တယ်၊ ရှောင်လွှဲလို့မရတဲ့ လောကစံနဲ့ တွေ့ကြုံလာရင် ဖြစ်ချင်ရာဖြစ်ဆိုပြီး ရဲရဲကြီး ရင်ဆိုင်လိုက်ပေတော့၊ လောကမှာ ဘာပဲလုပ်လုပ် လက်ဦးမှုရဖို့ အရေးကြီးတယ်၊ ဒါကြောင့် ဘယ်လိုရန်သူမျိုးနဲ့ကြုံကြုံ တိုက်ရတော့မယ်ဆိုရင် လက်ဦးမှုရအောင် ကြိုးစားပေတော့"

ဟု ပြောလိုက်လေတော့၏။ ထို့နောက်တွင်မူ တစ်ကျွန်းပြန်သာဒွန်းဆိုသော လူဆိုးကြီး သည် လွန်စွာကြီးမားသော အိတ်ကြီးကိုထမ်း၍ ထွက်ခွာသွားလေတော့၏။

x x x